# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ပေးမည်၊ နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်သို့စီမံထားသည် ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မင်းဘူးမြို့ မန်းတာဘိုင်ဓာတ်အားပေးစက်ရုံတွင် နှစ်ကာလ ကြာမြင့်နေပြီဖြစ်သော OCB Feeder များအစား အရည်အသွေးပြည့်ဝ ကောင်းမွန်သော OCB Feeder အသစ်များ လဲပေးရန်၊ မင်းဘူးမြို့နှင့် ထောက်ရှာပင် ရေနံမြေနှစ်လိုင်းတွဲမှ မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ကလေးမြို့နယ်တွင် အိမ်သုံးမီတာဘောက်စ်များ လုံလောက်စွာချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | မြန်မာနိုင်ငံအတွင်း ဖြန့်ဝေတပ်ဆင်အသုံးပြုနေသော အိမ်သုံးလျှပ်စစ်ဒီဂျစ်တယ်မီတာ (Ever တံဆိပ်) များအား ဈေးနှုန်းစိစစ်လျှော့ချပြီး ရောင်းချပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၉ | အုတ်တွင်းမြို့နယ်၊ စစ်တောင်းမြစ်ကမ်းပါးရှိ ကျေးရွာများအား ၁၁ ကေဗွီ ဓာတ်အားပေးလိုင်း သွယ်တန်းပြီး ကမ်းပါးတစ်လျှောက်ရှိ ဒေသခံ ပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

၁၀ မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသော နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချို ကျေးရွာ ၄ ရွာအား ၃၃ ကေဗွီဓာတ်အားလိုင်းသွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၄

၁၁ ကျောက်တော်မြို့နယ်ရှိ ပိန္နဲချောင်း-ကြောင်စွယ်ဖြူကမ်းခြေအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၆

၁၂ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း ၁၇

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပ မည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၂၄

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၂၆–၁–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ် ရုံးများကို မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ပေးမည်၊ နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်သို့ စီမံထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူးမြို့ မန်းတာဘိုင်ဓာတ်အားပေး စက်ရုံတွင် နှစ်ကာလကြာမြင့်နေပြီဖြစ်သော OCB Feeder များ အစား အရည်အသွေးပြည့်ဝကောင်းမွန်သော OCB Feeder အသစ်များ လဲပေးရန်၊ မင်းဘူးမြို့နှင့် ထောက်ရှာပင် ရေနံမြေ**

**နှစ်လိုင်းတွဲမှ မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်တွင် အိမ်သုံးမီတာဘောက်စ်များ လုံလောက်စွာ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ဖြန့်ဝေ တပ်ဆင် အသုံးပြုနေသော အိမ်သုံးလျှပ်စစ် ဒီဂျစ်တယ်မီတာ (Ever တံဆိပ်) များအား ဈေးနှုန်းစိစစ်လျှော့ချပြီး ရောင်းချပေးရန် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ စစ်တောင်း မြစ်ကမ်းပါးရှိ ကျေးရွာများအား ၁၁ ကေဗွီ ဓာတ်အားပေးလိုင်း သွယ်တန်းပြီး ကမ်းပါးတစ်လျှောက်ရှိ ဒေသခံ ပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာ အုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသော နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချို ကျေးရွာ ၄ ရွာအား ၃၃ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်ရှိ ပိန္နဲချောင်း–ကြောင်စွယ်ဖြူကမ်းခြေအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြန်ကြားရေးဝန်ကြီးဌာနက **“ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၈။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**သတ္တမနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊
(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၆) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၈) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၉) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၁၀) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊
(၁၁) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၁၂) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်နှင့်
(၁၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ပေးမည်၊ နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်သို့စီမံထားသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)စိုင်းဟတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၄ မှာ လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၆၅ မှာတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကျခံ၍ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်လို့ ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင်ပြည်သူများနဲ့တွေ့ဆုံဆွေးနွေးဖို့ပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာများနဲ့ ရုံးလုပ်ငန်းသဘောဆောင်ရွက်ရန်ပဲဖြစ်ဖြစ်၊ လွှတ်တော်ရုံးနဲ့ ဆက်သွယ်ဆောင်ရွက်ရန်ပဲဖြစ်ဖြစ် ရုံးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ရန် အမှန်ပဲလိုအပ်လျက်ရှိပါတယ်။ အချို့သောတတ်နိုင်တဲ့ ကိုယ်စားလှယ်

များကတော့ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို မိမိဘာသာကျခံပြီး လွှတ်တော်ကိုယ်စားလှယ်ရုံး များဖွင့်လှစ်နိုင်ခဲ့ကြပေမဲ့ အချို့သောကိုယ်စားလှယ်များကတော့ ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းမရှိ သေးပါဘူး။ မြို့နယ်တစ်ခုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှိကြတော့ စုပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များရုံးဆိုပြီး ဖွင့်လှစ် ထားတာတွေလည်းရှိပါတယ်။ ပါတီတူညီကြရင်တော့ ညှိနှိုင်းဆောင်ရွက်ရတာအဆင်ပြေပေမဲ့ ပါတီ မတူကြရင် ရုံးလုပ်ငန်းကုန်ကျစရိတ်အတွက်အဆင်မပြေမှုတွေနဲ့ ကြုံတွေ့ကြရပါတယ်။ မဲဆန္ဒရှင် ပြည်သူများအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဆွေးနွေးလိုတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာ များက လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရုံးလုပ်ငန်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ရန်ရှိခဲ့ရင်ဖြစ်ဖြစ် ကိုယ်စားလှယ်များတစ်ဦးချင်းနေအိမ်ဆီကို သွားရောက်တွေ့ဆုံဆွေးနွေးရတာဖြစ်တော့ အမြင်မတူ တာ၊ သဘောထားမတိုက်ဆိုင်တာ၊ နားလည်မှုလွဲတာ၊ ရုံးလုပ်ငန်းသဘောမဆန်တာ စတဲ့အခက်အခဲ များကြုံတွေ့ရလေ့ရှိပါတယ်။ ကိုယ်စားလှယ်များ လွှတ်တော်တက်နေစဉ်ကာလမှာလည်း မဲဆန္ဒရှင် ပြည်သူများက အခက်အခဲများတင်ပြရန်ရှိလို့ပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဆက်သွယ် ဆောင်ရွက်ရန်ပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာများနှင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းတွေ ဆက်သွယ်ဆောင်ရွက်ရန် ပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားနိုင်တဲ့ ကိုယ်စားလှယ်များအတွက် အခက်အခဲမရှိ သော်လည်း ရုံးခန်းမရှိသေးတဲ့ ကိုယ်စားလှယ်များအတွက်တော့ လိုအပ်ချက်တွေရှိနေပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒနှင့်အညီ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်နဲ့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို တစ်ပြေးညီ ဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ဖို့ လွှတ်တော်ရုံးကနေပြီးတော့ နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို ကျခံပြီး လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ဆောင်ရွက် ပေးရန် လိုအပ်လျက်ရှိတဲ့အတွက် မေးမြန်းလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က ဘယ်ကာလမှာ စတင်ပြီး တာဝန်ယူဖွင့်လှစ်ပေးနိုင်မည်ကိုလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်ရုံးများရဲ့ နေရာထိုင်ခင်းနဲ့ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များအား လွှတ်တော်ရုံးက ကျခံဆောင်ရွက်ပေးရန်သော်လည်းကောင်း မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလို ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီမှ ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က မည်သည့်ကာလမှစတင်ကာ တာဝန်ယူဖွင့်လှစ်ပေးနိုင်မည်ကိုလည်းကောင်း လွှတ်တော် ကိုယ်စားလှယ်ရုံးများတွင် နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များအား လွှတ်တော်ရုံးမှ ကျခံဆောင်ရွက်ပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း နှင့်စပ်လျဉ်းပြီး လွှတ်တော်၏ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး

ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုးက ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကော်မတီ၏ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသလိုပဲ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၁၃) အထွေထွေ ပုဒ်မ ၆၄ မှာ လွှတ်တော်သည် လိုအပ်သော မြို့နယ်တွေမှာ လွှတ်တော် ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်တယ်လို့ ဖော်ပြပါရှိပါတယ်။ ဥပဒေပုဒ်မ ၆၅ မှာလည်း လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်း ဆိုင်ရာ ကုန်ကျစရိတ်ကျခံပြီး လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်ပါသည်လို့ အတိအလင်း ဖော်ပြထားပါတယ်။

ဒါကြောင့်မို့လို့ အထက်ဖော်ပြပါ ပုဒ်မ ၆၄ နှင့် ၆၅ အရ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်ပါက ဖွင့်လှစ်နိုင်ပြီး မလိုအပ်ပါကလည်း မဖွင့်လှစ်ဘဲ နေနိုင်ပါတယ်။ ဒီနေ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူမဖွင့်လှစ်ပေးနိုင်သေးမီ လွှတ်တော် ကိုယ်စားလှယ်များက မိမိအစီအစဉ်ဖြင့် ကုန်ကျစရိတ်များကျခံစေပြီး ဖွင့်လှစ်ခွင့်လည်း ပေးထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အများစုကလည်း လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မိမိ အစီအစဉ်ဖြင့် ဖွင့်လှစ်ပြီး မဲဆန္ဒရှင်ပြည်သူများနဲ့ ထိတွေ့ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို တာဝန်ယူပြီးဖွင့်လှစ်ပေးမယ်ဆိုပါကလည်း မဲဆန္ဒနယ်ပေါင်း ၃၃၀ အတွက် တစ်ပြိုက်နက်တည်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နေရာရှာဖွေ ရခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်း၊ ရုံးလုပ်ငန်းအတွက် အသုံးအဆောင်များ ဖြည့်တင်း ဆောင်ရွက်ရခြင်း၊ ရုံးဝန်ထမ်းခန့်အပ်ခြင်းတွေကိုပါ တစ်ပြိုက်နက်တည်း ဆောင်ရွက်ရမှာဖြစ်တဲ့ အတွက်ကြောင့် လုပ်ငန်းပမာဏကြီးမားသလို ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲဆောင်ရွက်ရ မှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများသိပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်မှာ လိုငွေပြဘတ်ဂျက်ဖြင့် လည်ပတ်နေရတဲ့ကာလဖြစ်တဲ့အတွက် ဘဏ္ဍာငွေအခက်အခဲရှိ လာနိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၆ အရ ဘဏ္ဍာရေး ကော်မရှင်ရဲ့ ဘဏ္ဍာငွေခွဲဝေချထားပေးမှုအပေါ်မှာမူတည်ပြီးမှ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကြောင့် လတ်တလောအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်မှ တာဝန်ယူဖွင့်လှစ်ပေး နိုင်ခြင်း အစီအစဉ်မရှိသေးပါကြောင်းနှင့် လွှတ်တော်ရုံးအတွက် နေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းကုန်ကျ စရိတ်များကိုလည်း ကျခံဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းဘူးမြို့ မန်းတာဘိုင်ဓာတ်အားပေးစက်ရုံတွင် နှစ်ကာလကြာမြင့်နေပြီဖြစ်သော OCB Feeder များအစား အရည်အသွေးပြည့်ဝကောင်းမွန်သော OCB Feeder အသစ်များ လဲပေးရန်၊ မင်းဘူးမြို့နှင့်ထောက်ရှာပင် ရေနံမြေနှစ်လိုင်းတွဲမှ မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးလင်းရေးအဆင်ပြေမှုအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ် မင်းဘူး မန်းတာဘိုင်ဓာတ်အားပေးစက်ရုံဟာ မင်းဘူးမြို့နယ်အတွင်းမှာ ရှိတဲ့ စကုမြို့နယ်၊ ငဖဲမြို့နယ်၊ ပွင့်ဖြူမြို့နယ်နဲ့ စလင်းမြို့နယ်တို့အပြင် သရက်ခရိုင်မှာရှိတဲ့ မင်းလှမြို့နယ်ကိုပါ လျှပ်စစ်ဓာတ်အားများတစ်ဆင့် ပြန်လည်လွှတ်ပေးနေရပါတယ်။ အဲဒီမန်းတာဘိုင်မှာရှိတဲ့ 33 KV OCB Feeder တွေဟာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် မကြာခဏလျှပ်စစ်မီးပြတ်တာတွေ ကြုံတွေ့နေရပါတယ်။ အဲဒီနေရာမှာ ဆက်ရက်တို့၊ ကျီးတို့ ဖြတ်သွားရင်တောင်မှပဲ လျှပ်စစ်မီးပြတ်တဲ့အခြေအနေတွေ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် အရည်အသွေးပြည့်ဝကောင်းမွန်တဲ့ OCB Feeder အသစ်တွေနဲ့ အစားထိုးလဲလှယ်ရန်လည်း လိုအပ်လျက်ရှိနေပါတယ်။ အဲဒီအပြင် ကျွန်တော်တို့မင်းဘူးမြို့နဲ့ ထောက်ရှာပင်ရေနံမြေကိုလည်း ၃၃ ကေဗွီ Feeder နှစ်လိုင်းတွဲထားပြီး ဆောင်ရွက်ထားတဲ့အတွက် အဆင်မပြေမှုတွေ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန်လည်း လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မင်းဘူးမြို့ မန်းတာဘိုင်ဓာတ်အားပေးစက်ရုံမှာ နှစ်ကာလကြာမြင့်နေပြီဖြစ်တဲ့ OCB Feeder များအစား အရည်အသွေးပြည့်ဝကောင်းမွန်သော OCB Feeder အသစ်များလဲပေးရန်နှင့် မင်းဘူးမြို့နှင့် ထောက်ရှာပင် မန်းရေနံမြေနှစ်လိုင်းတွဲမှ မင်းဘူးမြို့ကို သီးခြား 1 Feeder ထုတ်ပေးရန်တို့ကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းပါ မင်းဘူးမြို့အား ထောက်ရှာပင်ရေနံမြေ ဓာတ်အား

လိုင်းနှင့်တွဲ၍ ဓာတ်အားပေးထားခြင်းမပြုဘဲနဲ့ ၃၃ ကေဗွီဓာတ်အားလိုင်းသီးသန့်တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်နိုင်ရန်အတွက် မန်းစက်ရုံဝင်းအတွင်းမှာ ၃၃ ကေဗွီ Outgoing Switch Bay Feeder အသစ်တစ်ခုကို တည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ တွင်လည်းကောင်း၊ မန်းစက်ရုံအတွင်းမှာရှိတဲ့ နှစ်ကာလကြာမြင့်ပြီးတော့ စိတ်ချရမှုမရှိတော့တဲ့ Oil Circuit Breaker များအစား အရည်အသွေးပိုမိုကောင်းမွန် စိတ်ချရတဲ့ Gas Circuit Breaker အသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားကာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကလေးမြို့နယ်တွင် အိမ်သုံးမီတာဘောက်စ်များ လုံလောက်စွာချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်မတင်ပြမေးမြန်းလိုတာကတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကလေးမြို့နယ်အတွက် သုံးစွဲခွင့်ရရှိမယ့် လျှပ်စစ်ဓာတ်အားဟာ လုံလောက်မှုရှိသော်လည်း မီတာဘောက်စ်များလုံလောက်စွာ မရရှိခြင်းကြောင့် ပြည်သူများ အခက်အခဲဖြစ်နေရတဲ့အတွက် အိမ်သုံးမီတာဘောက်စ်များ လုံလောက်စွာချထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြို့နယ်ရဲ့ လျှပ်စစ်သမိုင်းကိုတင်ပြရရင် ၁၉၅၅ ခုနှစ်မှာ ကလေးဝမြို့နယ်၊ သစ်ခြောက်၊ ကျောက်မီးသွေးမိုင်းမှတစ်ဆင့် လျှပ်စစ်မီးအချိန်ပိုင်း စတင်ရရှိခဲ့ပြီး နောက်ပိုင်းမှာ ဒီဇယ်အင်ဂျင်ဖြင့် အချိန်ပိုင်းမီးလင်းပေးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဇီးချောင်းရေအား လျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သော်လည်းပဲ အစပိုင်းမှာသာ လျှပ်စစ်မီးထွက်ခဲ့ပြီး နောက်ပိုင်းမှာစက်ရုံမလည်ပတ်နိုင်ခဲ့ပါဘူးရှင့်။ ၂၀၀၃ ခုနှစ်မှာ စက်တပ်ဆင်အင်အား ၄ မီဂါဝပ်ရှိတဲ့ လျှပ်စစ်ကို ထပ်မံအကောင်အထည်ဖော်ခဲ့ပြီး အဲဒီရေအားလျှပ်စစ်စက်ရုံကို ၂၀၁၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပေးမယ့် ခုချိန်ထိ လျှပ်စစ်မီးထွက်တာမရှိပါဘူး။ နောက်ပိုင်းမှာ ဆည်အတွင်းနုန်းဝင်ရောက်မှု အခြေအနေကြောင့် စွမ်းအားပြည့်ဓာတ်အားရရှိဖို့ မျှော်လင့်စရာလည်းမရှိပါဘူးရှင့်။ ကလေးမြို့နယ်ဟာ လျှပ်စစ်နဲ့ပတ်သက်ရင် အလွန်ပဲမျက်နှာငယ်ရပါတယ်။ ဒါပေမဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ 66 KV မဟာဓာတ်အားလိုင်းရောက်ရှိခဲ့ပါတယ်။ တစ်မြို့လုံးဝမ်းသာမဆုံးဖြစ်ကြရပြီး မီတာဘောက်စ်များကိုလည်း တစ်ပျော်တစ်ပါးလျှောက်ထားခဲ့ကြပါတယ်။ ၁၉၅၅ ခုနှစ်မှ လက်ရှိအချိန်ထိ မီတာဘောက်စ်တပ်ဆင်ပြီးအခြေနေကတော့ ၁၀၆၆၃ လုံးတပ်ဆင်ပြီးဖြစ်ပါတယ်။ ကျွန်မစောစောက

တင်ပြခဲ့တဲ့ တစ်မြို့လုံးတစ်ပျော်တစ်ပါးလျှောက်ထားသူဦးရေထဲကနေပြီးတော့ ၇၅၁၄ ဦးရဲ့ လျှောက်ထားမှုကိုတော့ ချထားပေးနိုင်မှုမရှိဘူးဆိုတာ ဌာနကတစ်ဆင့် စုံစမ်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ကလေးမြို့လူထုဟာ ကိုယ့်လိုအပ်ချက်ကို တစ်ချိန်တည်းမှာ အားလုံးမရရှိနိုင်ဘူးဆိုတာကို ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေအရ သိရှိနားလည်ထားတဲ့ အလျောက် အခြားသူများနဲ့တန်းတူညီမျှရရှိရေးအတွက် ကိုယ်ကိုယ်တိုင်လည်း လုံလောက်တဲ့ အားထုတ်မှုလိုအပ်တယ်ဆိုတာကို သိရှိနားလည်ထားကြပါတယ်။ ဒါ့ကြောင့်လဲ Transformer ချထားမှုဆိုလို့ရှိရင် တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များအတွက် ၂၅ လုံး၊ အခြားဌာနများအတွက် ၁၈ လုံး၊ ဌာနမှမြို့နယ်လူထုအတွက် တပ်ဆင်ပေးခဲ့တဲ့ Transformer ၇၆ လုံးမှာ ၄၁ လုံးဟာ မြို့နယ်လူထုက ကိုယ်ထူကိုယ်ထတပ်ဆင်ခဲ့ကြတာဖြစ်ပါတယ်။ အလားတူပဲ ၄၀၀ ဗို့အားလိုင်းကိုလည်း ဌာနက ၃.၉၅ မိုင်သွယ်တန်းပေးခဲ့ပြီး အခြားကျန်ရှိတဲ့ တပ်ဆင်ပြီး ၄၀၀ ဗို့အားလိုင်းအားလုံးကို မြို့လူထုကပဲ သွယ်တန်းထားခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လူနေမှုအဆင့်အတန်းမြင့်မားလာဖို့ဆိုရင် လျှပ်စစ်မီးဟာမရှိမဖြစ်လိုအပ်ပါတယ်။ တစ်လမ်းထဲအတူတကွနေထိုင်ပြီး လျှောက်ထားတာချင်းအတူတူ တစ်အိမ်ကမီးလင်းနေပြီး၊ တစ်အိမ်ကမှောင်မဲနေတာတွေ့ရတာ အလွန်စိတ်မချမ်းသာစရာဖြစ်ပါတယ်။ မီတာဘောက်စ် လျှောက်ထားပြီးသူအားလုံးလိုလိုဟာ အိမ်တွင်းမီးလိုင်းများကို ဌာနကအသိအမှတ်ပြုထားတဲ့ ကျွမ်းကျင်သူများဖြင့် အဆင်သင့်ရိုက်ထားပြီးကြပါပြီ။ ၄၀၀ ဗို့အားလိုင်းများလည်း အဆင်သင့် သွယ်တန်းထားပြီးဖြစ်သလို ဌာနမှသတ်မှတ်ထားတဲ့ ၄၀၀ ဗို့အားလိုင်းမှ ပေ ၃၀၀ အတွင်းမှာလည်း ရှိကြပါတယ်။ အချို့သူများဟာ ဌာနသို့ငွေပေးသွင်းပြီးသူများရှိကြောင်းလည်းသိရပါတယ်။ ကျွန်မတို့မြို့ကို ရောက်ရှိလာတဲ့ 66 KV ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းရှိ ကျေးရွာများကိုလည်း စီမံကိန်းအရ မကြာခင်ဓာတ်အားပေးတော့မှာဖြစ်လို့ မီတာဘောက်စ်လိုအပ်ချက်က ပိုပြီးကြီးမားလာတာဖြစ်ပါတယ်။ မီတာဘောက်စ်မတပ်ဆင်ရသေးလို့ ပိုလျှံနေတဲ့ဓာတ်အားများကိုလည်း အကျိုးရှိရှိအသုံးချနိုင်မှာဖြစ်ပါတယ်။ သားရွှေအိုးထမ်းလာသလို၊ ပြည်သူတွေလည်းအလင်းရသလို ဌာနအတွက်လည်း ဝင်ငွေတိုးလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိသော်လည်း မီတာဘောက်စ်များလုံလောက်စွာမရရှိခြင်းကြောင့် ကလေးမြို့ပြည်သူပြည်သားများ အခက်အခဲဖြစ်နေမှုများ ပပျောက်သွားစေရန်အတွက် မီတာဘောက်စ်များလုံလောက်စွာချထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကိစ္စရပ်မှာ မြို့/ရွာအသီးသီးမှာ လက်ရှိတပ်ဆင်ထားတဲ့မီတာတွေကို ဝန်ထမ်းတွေအမြောက်အများရဲ့

အင်အားကိုအသုံးပြုပြီးတော့ အချိန်ယူဖတ်ရှုဆောင်ရွက်နေရတာဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရတဲ့ ကိစ္စရပ်တွေလျော့နည်းစေရန်အတွက်ကို လက်ရှိတပ်ဆင်အသုံးပြုလျက်ရှိတဲ့ မီတာအမျိုးအစားတစ်မျိုးတည်းကိုသာ မြို့ရွာတွေအားလုံးပါ အသုံးပြုနေတဲ့အစား နောက်နောင်မှာ လျှပ်စစ်အသုံးပြုလိုသူက အသုံးပြုလိုတဲ့လျှပ်စစ်ပမာဏအပေါ်မှာ မူတည်ပြီးတော့ အိမ်သုံး Digital မီတာအမျိုးအစား ၃ မျိုး ခွဲခြားဝယ်ယူတပ်ဆင်ပေးသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ မီတာများဝယ်ယူရေးအတွက်ကို တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ ကျေးရွာများအတွက်မှာ တပ်ဆင်မယ့်မီတာများကို လူအားနဲ့ပဲ လူကမျက်မြင်တိုက်ရိုက်ဖတ်ရှုလို့ရနိုင်မယ့် ၅/၃၀ အမ်ပီယာမီတာ၊ မြို့ငယ်များအတွက်မှာ တပ်ဆင်မယ့်မီတာများကိုတော့ လက်ကိုင်မီတာဖတ်စက်ဖြင့် မီတာကိုအလိုအလျောက်ဖတ်ယူနိုင်တဲ့ ၅/၃၀ အမ်မီယာမီတာ၊ မြို့ကြီးများမှာတော့ ယခင်ကထက်ဝန်အားပိုမိုအသုံးပြုခွင့် နှစ်ဆပိုပြီးသုံးနိုင်မယ့် မီတာအမျိုးအစားကို လက်ကိုင်မီတာဖတ်စက်နဲ့ အလိုအလျောက်ဖတ်ရှုလို့ရတဲ့ ၁၀/၆၀ အမ်ပီယာမီတာများဖြင့် ဝယ်ယူဖို့ဆောင်ရွက်ထားတာဖြစ်ပြီးတော့ တင်ဒါခေါ်ယူမှုအရ ၂၀၁၈ ခုနှစ် ဧပြီလဆန်းမှာ ပစ္စည်းများစတင်ရောက်ရှိလာမှာဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ မီတာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်း ဖြန့်ဝေတပ်ဆင်အသုံးပြုနေသော အိမ်သုံးလျှပ်စစ်ဒီဂျစ်တယ်မီတာ (Ever တံဆိပ်) များအား ဈေးနှုန်းစိစစ်လျှော့ချပြီး ရောင်းချပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံအတွင်းမှာ ဖြန့်ဝေတပ်ဆင်အသုံးပြုနေတဲ့ အိမ်သုံးလျှပ်စစ်ဒီဂျစ်တယ်မီတာတွေကို ဈေးနှုန်းစိစစ်လျှော့ချပြီး ရောင်းချပေးရန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုလွယ်ကူရှင်းလင်းစွာတင်ပြနိုင်ဖို့ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ၂၀၁၀ ခုနှစ်၊ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ Under Lock မီတာစနစ်ကနေ Digital မီတာစနစ်ကို ပြောင်းလဲဖို့ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအတွက် လိုအပ်တဲ့မီတာတွေကိုဝယ်ယူဖို့တင်ဒါခေါ်ခဲ့ပါတယ်။ ပြည်သူတွေဟာ ဒီဂျစ်တယ်မီတာတွေပြောင်းလဲတပ်ဆင်ရာမှာ Ever တံဆိပ်မီတာများကို ဝယ်ယူတပ်ဆင်ရမယ်လို့ သိရှိလာပြီးလျှပ်စစ်ဌာနရဲ့ ထောက်ခံမှုအပြည့်အဝရထားတဲ့မီတာဖြစ်ကြောင်း သိရှိရပါတယ်။ Ever တံဆိပ်မီတာတွေကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကိုရီးယားနည်းပညာအသုံးပြုပြီး ထုတ်လုပ်ထားတယ်လို့ဆိုပါတယ်။ (OMR)Offect Meter Rating စနစ်ဖြစ်ပါတယ်။ One Year Guarantee ပေးထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ Under Lock Meter ၂၄၅၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီ Under Lock မီတာတွေကို Digital မီတာပြောင်းလဲဖို့အတွက် Ever တံဆိပ် Digital မီတာအလုံးရေ ၅၀၀၀၀၀၀ ကို ကုမ္ပဏီမှ ၂၀၁၇ ခုနှစ်အထိ ရောင်းချခွင့်ရထားပါတယ်။ ပထမဆုံး Digital မီတာကို ၂၀၁၂ ခုနှစ်မှာ နေပြည်တော်(လယ်ဝေး)မှာ တပ်ဆင်ခဲ့ပါတယ်။ ပြည်တွင်းမှာ Digital Meter တစ်လုံးလျှင် ၆၅၀၀၀ ဖြင့် ဈေးကွက်ထဲမှာဖော်ပြထားပါတယ်။ ရောင်းချပေးနေပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ မီတာပုံးခွံ၊ အာမခံကြေး၊ စဘော်ခ၊ ကြိုးသွယ်ခ၊ မီတာခ၊ ကြီးကြပ်ခ၊ မှတ်ပုံတင်ခပေါင်းလိုက်ရင် ၉၀၀၀၀ ရှိပါတယ်။ အဲဒီမှာမီတာကြေးကတော့ သတ်မှတ်ကြေးအနေနဲ့ ၆၅၀၀၀ သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ NLD အစိုးရလက်ထက် တာဝန်ယူပြီး ၁၆-၁၀-၂၀၁၇ ခုနှစ်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မီတာဝယ်ယူရေးတင်ဒါကို ခေါ်ယူခဲ့ပါတယ်။ မည်သည့်ကုမ္ပဏီမှ မည်သည့်ဈေးဖြင့် တင်ဒါအောင်မြင်သွားတယ်ဆိုတာကတော့ မသိသေးပါဘူး။ တင်ဒါရွေးချယ်ရာမှာ အရည်အသွေးမီပြီး ဈေးနှုန်းသက်သာမှန်ကန်တဲ့မီတာတွေကို ပြည်သူတွေသုံးစွဲနိုင်ဖို့ တာဝန်ရှိသူများမှ စေတနာထားလုပ်ဆောင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်း အိန္ဒိယနိုင်ငံမှာ Prepaid Digital မီတာတစ်လုံးကို ၄၅၀၀၀ နှုန်းနဲ့ဝယ်လို့ရပါတယ်။ Prepaid စနစ်ပါ။ မီတာကြေးကို ရုံးမှာသွားသွင်းစရာမလိုပါဘူး။ ဖုန်းငွေဖြည့်သလိုပါပဲ။ အဲဒီမှာပါတဲ့နံပါတ်လေးတွေကို ကျွန်တော်တို့ဖုန်းငွေဖြည့်သလို ကတ်ပြားကနေနံပါတ်တွေရိုက်ထည့်ပြီးမှထည့်လိုက်ရင် ရသွားပါတယ်။ မီတာကြေးကောက်မယ့်ဝန်ထမ်းတွေ တစ်ဦးတစ်ယောက်မှမလိုတော့ပါဘူး။ ငွေများများထည့်ထားရင် ထည့်သလောက်လာပါမယ်။ ငွေနည်းနည်းထည့်ထားရင် မြန်မြန်ပိတ်ပါမယ်။ ဒီလိုနည်းစနစ်နဲ့ ဒီမီတာဘောက်စ်တွေဟာ ၄၅၀၀၀ ဝန်းကျင်လောက်ပဲရှိပြီး ခုနကျွန်တော်တင်ပြခဲ့တဲ့၊ ကျွန်တော်တို့နိုင်ငံမှာ သုံးနေတဲ့ Ever မီတာလို Digital KWHR တစ်ခုတည်းဖတ်နိုင်ပြီး နိုင်ငံတကာစံနှုန်းနှင့်လည်း ကိုက်ညီမှုအားနည်းတဲ့မီတာတွေကို ဈေးနှုန်းကြီးမြင့်စွာနဲ့မြန်မာနိုင်ငံမှပြည်သူတွေ သုံးစွဲနေရတာ တာဝန်ရှိသူတွေပြန်လည်သုံးသပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာလက်ခံအသုံးပြုနေတဲ့ အရည်အသွေးစစ်ဆေးရေးလက်မှတ်ရရှိထားတဲ့ အိမ်သုံးဒီဂျစ်တယ်မီတာတွေဟာ ဈေးနှုန်းကြီးမြင့်မှုမရှိပါဘူး။ အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာဝန်းကျင်လောက်ပဲရှိမယ်လို့ သိရပါတယ်။ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်တဲ့ အဆင့်မီဒီဂျစ်တယ်မီတာတွေကို ကျွန်တော်တို့ပြည်သူတွေ ဈေးနှုန်းချိုသာစွာအလုံအလောက် ဝယ်ယူရရှိနိုင်ဖို့ သက်ဆိုင်ရာဌာနမှ စီမံဆောင်ရွက်ပေးဖို့လိုအပ်နေပါတယ်။ သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံအတွင်း ဖြန့်ဝေအသုံးပြုနေသော အိမ်သုံးလျှပ်စစ်ဒီဂျစ်တယ်မီတာတွေကို ဈေးနှုန်းစိစစ်လျှော့ချပြီးရောင်းချပေးရန် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိသိရှိလိုပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ လက်ရှိအချိန်ထိ ကျွန်တော်တို့မြန်မာနိုင်ငံမှာ Under Lock မီတာများကို Digital မီတာများနှင့် ပြောင်းလဲတပ်ဆင်တဲ့ အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြသွားတဲ့ မီတာအမျိုးအစားဖြင့် တပ်ဆင် ဆောင်ရွက်နေရတာဖြစ်ပါတယ်။ အဆိုပါမီတာများကို တပ်ဆင်တဲ့အချိန်မှာ သတ်မှတ်ကောက်ခံတဲ့ နှုန်းထားများဟာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ Power Point မှာတင်ပြထားသကဲ့သို့ မီတာရဲ့သတ်မှတ်ကြေးဟာ ၆၅၀၀၀၊ မီတာပုံးခွံတပ်ဆင်ရတဲ့ကုန်ကျစရိတ် ၁၅၀၀၀၊ အခြားကုန်ကျ စရိတ် ၁၀၀၀၀၊ အာမခံစဘော်ငွေ ၄၀၀၀၊ ကြိုးသွယ်ခ ၂၀၀၀၊ မီးဆက်ခ ၂၀၀၀၊ ကြီးကြပ်ခ ၁၀၀၀၊ မီတာလျှောက်လွှာမှတ်ပုံတင်ကြေး ၁၀၀၀ စုစုပေါင်း ၉၀၀၀၀ ကျပ်ကျသင့်ပေးသွင်းနေရတာ ဖြစ်ပါ တယ်။

ယခုအခါမှာ ကျေးရွာ၊ မြို့ငယ်နှင့် မြို့ကြီးများမှာ လျှပ်စစ်အသုံးပြုတဲ့ပမာဏအလိုက် လိုအပ်တဲ့ Digital အိမ်သုံးမီတာသုံးမျိုးသုံးစားခွဲခြားကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပွင့်လင်းမြင်သာ မှုနှင့် မျှတတဲ့ယှဉ်ပြိုင်မှုများဖြစ်စေရန်အတွက် တင်ဒါခေါ်ဆိုဆောင်ရွက်ခဲ့တာကိုလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ Power Point မှာ တင်ပြခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဈေးပြိုင်စနစ်နဲ့ ပေးသွင်းလာတဲ့ မီတာများအနက်ကနေပြီးတော့ နည်းပညာနှင့်အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းပိုမို သက်သာတဲ့ မီတာများဝယ်ယူရရှိရေးကို စီစဉ်ဆောင်ရွက်လျက်ရှိတာဖြစ်တဲ့အတွက်ကြောင့် ပစ္စည်းများ ရောက်ရှိမှာကလည်း လာမည့်ဘဏ္ဍာရေးနှစ်မှာ ရောက်ရှိမှာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၈ ခုနှစ် ဧပြီလ ခန့်မှာရောက်ရှိမှာဖြစ်တဲ့အတွက်ကြောင့် လာမည့်ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ မီတာအမျိုးအစား သုံးမျိုးအလိုက် အိမ်သုံးမီတာများရဲ့ဈေးနှုန်းများကို စိစစ်လျှော့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုန ကိုယ်စားလှယ်မေးတဲ့ထဲမှာ ဒီတင်ဒါခေါ်တဲ့အခါမှာ ဘယ်ကုမ္ပဏီက အောင်သွားလဲဆိုတာ မေးတာကြားလိုက်ရတယ်။ အခုဖြေတဲ့အခါမှာ ဘယ်ကုမ္ပဏီအောင်သွားတယ်တော့ မပါဘူး။ ဈေးနှုန်းသက်သာပြီး လျှော့ချရင်တောင် အစီအစဉ်ဆောင်ရွက်မယ်တော့ပါတယ်။ တင်ဒါ ခေါ်ပြီးပြီလား။ တင်ဒါအောင်ပြီးပြီလား။ ဘယ်ကုမ္ပဏီအောင်လဲဖြေဖို့တော့လိုမယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး ဖြေကြားရမယ်ဆိုရင် တင်ဒါခေါ်ဆိုပြီး ဖြစ်ပါတယ်ခင်ဗျား။ တင်ဒါရွေးချယ်စိစစ်ပြီးတဲ့အချိန်မှာ ကုမ္ပဏီမီတာအမျိုးအစား သုံးမျိုး၊ လေးမျိုးကို ကုမ္ပဏီနှစ်ခုကနေပြီးတော့ တင်ဒါအောင်မြင်သွားတာ ဖြစ်ပါတယ်ခင်ဗျား။ ကုမ္ပဏီတစ်ခုရဲ့အမည်က Junction River Trading ကုမ္ပဏီဖြစ်ပြီးတော့ ဒုတိယကုမ္ပဏီက Alpha Power Engineering Co.Ltd ဖြစ်ပါတယ်ခင်ဗျား။

**အုတ်တွင်းမြို့နယ်၊ စစ်တောင်းမြစ်ကမ်းပါးရှိ ကျေးရွာများအား ၁၁ ကေဗွီ ဓာတ်အားပေးလိုင်း သွယ်တန်းပြီး ကမ်းပါးတစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်ကမ်းပါးရှိကျေးရွာများအား ၁၁ ကေဗွီဓာတ်အားပေးလိုင်း သွယ်တန်းပြီး ကမ်းပါးတစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လျှပ်စစ်ဓာတ်အား မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကို တင်ပြလိုပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်ဟာ အနောက်ဘက်မှာ ပဲခူးရိုးမတောင်တန်းကြီး ကာဆီးထားပြီး အရှေ့ဘက်တွင်တော့ စစ်တောင်းမြစ်ကြီးစီးဆင်းနေပါတယ်။ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့ ကျေးရွာတွေဟာ ကမ်းပါးပြိုတဲ့ဒဏ်ကို အလူးအလဲခံစားနေရတဲ့အပြင် လူနေမှုဘဝမှာလည်း တိုးတက်ခြင်းမရှိဘဲ နိမ့်ကျနေဆဲဖြစ်ပါတယ်။ အဓိကအကြောင်းအရင်းကတော့ မျက်မှောက်ခေတ်လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် လျှပ်စစ်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုနေချိန်မှာ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့ ကျေးရွာတွေကတော့ လျှပ်စစ်ဓာတ်အားမရရှိတဲ့အတွက် လျှပ်စစ်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်တဲ့အခြေအနေရှိပေမဲ့ အောက်ကျနောက်ကျဖြစ်နေကြရပါတယ်။ ဒါကြောင့် ၎င်းကျေးရွာမှာရှိတဲ့ ဒေသခံပြည်သူတွေအနေနဲ့ အများနည်းတူ လျှပ်စစ်ဓာတ်အားကို ရရှိစေရန် လွန်စွာလိုလားတောင့်တနေကြပါတယ်။ ဒီနေရာမှာလည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေကြောင့် ကျေးရွာအားလုံးမဟုတ်သည့်တိုင်အောင် ဆောင်ရွက်ပေးနိုင်တဲ့ကျေးရွာများကို နှစ်အလိုက်စီစဉ်ဆောင်ရွက်ပေးပါကလည်း လျှပ်စစ်ဓာတ်အားလုံးဝမရရှိခြင်းကို ဖြေလျှော့ပေးနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ ရွာပေါင်း ၂၃၀ ကျော်ရှိတဲ့နေရာမှာ ၂၀ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အားရရှိပြီး အများစုဟာလည်း ကိုယ်ထူကိုယ်ထ မီးလင်းရေးအစီအစဉ်များဖြင့် မီးလင်းရတာဖြစ်ပြီး ကိုယ်ထူကိုယ်ထမီးလင်းရေးအတွက်လည်း အိမ်ထောင်စုတစ်စုကို ၈ သိန်းမှ ၁၀ သိန်းခန့်အထိ ကုန်ကျတဲ့အတွက်ကြောင့် အများစုဟာ ၎င်းငွေကြေးအင်အားကို မတတ်နိုင်တဲ့အတွက် စစ်တောင်းမြစ်ကမ်းနားတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေဟာ ရွာငယ်၊ ဇနပုဒ်များမဟုတ်ပေမဲ့ မီးလေးမှိတ်တုတ်မှိတ်တုတ် ဖြစ်နေဆဲပဲဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အုတ်တွင်းမြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းနံဘေးမှာ ကျေးရွာပေါင်း ၃၁ ရွာရှိပြီး နိုင်ငံတော်ရဲ့အကူအညီ အထောက်အပံ့ဖြင့် မီးလင်းတဲ့ကျေးရွာနှစ်ရွာနှင့် ကိုယ်ထူကိုယ်ထဖြင့်မီးလင်းတဲ့ကျေးရွာနှစ်ရွာရှိပြီးတော့ ကျန်ကျေးရွာတွေကတော့ ယခုအချိန်အထိ လျှပ်စစ်ဓာတ်အားလုံးဝ မရရှိသေးပါဘူး။ NEP စီမံကိန်းအရ မူလဓာတ်အားပေးလိုင်းမှာ နှစ်မိုင်အတွင်းကျေးရွာတွေကို ပထမဦးစားပေးအစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်တဲ့နေရာမှာလည်း ၎င်းစီမံကိန်းမှာ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့ကျေးရွာများထဲမှ ကျေးရွာ

သုံးရှာသာ ပါရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ အကောင်အထည်ဖော်ပေးမယ့် NEP စီမံကိန်းမှာလည်း ယခုအချိန်အထိ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးသည့်အပြင် မူလ ဓာတ်အားပေးလိုင်းမှ နှစ်မိုင်အတွင်းကျေးရွာများမီးလင်းရေးကို ပြီးပြည့်စုံအောင်လည်း အနည်းဆုံး နှစ်နှစ်ခန့် ကြာမည်ဖြစ်တဲ့အတွက်ကြောင့် ကျန်ကျေးရွာတွေရဲ့မီးလင်းရေးမျှော်လင့်ချက်ဟာ ဝေးသည်ထက်ဝေးလို့နေပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒုတိယဦးစားပေးဖြစ်တဲ့ မူလဓာတ်အားပေးလိုင်းမှ ၅ မိုင်အတွင်းပါဝင်တဲ့ ကျေးရွာအချို့ဆိုရင်လည်း အလှူရှင်များရဲ့စေတနာဖြင့် ကူညီပေးမှုကြောင့် ကိုယ်ထူကိုယ်ထမီးလင်းရေးကို သက်သက်သာသာဖြင့် လုပ်ဆောင်ချင်ကြသော်လည်း ထရန်စဖော်မာ တပ်ဆင်ခွင့်ကိုမရရှိတဲ့အတွက်ကြောင့် လျှပ်စစ်မီးရရှိရေးကို ရှုံးသွပ်နေရပေမဲ့ အခက်အခဲများဖြစ်လို့ နေပါတယ်။ ထို့အတူ စစ်တောင်းမြစ်ကမ်းပါးရှိကျေးရွာအများစုမှာလည်း NEP စီမံကိန်း ၅ မိုင်အတွင်း ရှိနေသောကြောင့် လျှပ်စစ်ဓာတ်အားရရှိရေးမှာ မျှော်လေဝေးလေဖြစ်လို့နေပါသောကြောင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ဖြင့် လျှပ်စစ်မီးသွယ်တန်းပေးမည်ဆိုပါက လျှပ်စစ်ဓာတ်အားကို လွန်စွာမျှော်လင့်တောင့်တ နေတဲ့ ဒေသခံပြည်သူတွေအတွက် များစွာအဆင်ပြေမည်ဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် စီမံကိန်း လုပ်ငန်းတွေကို အကောင်အထည်ဖော်ရာမှာ ပြည်သူအတွက်၊ ဒေသအတွက် အကျိုးမရှိတဲ့စီမံကိန်း တွေကို အကောင်အထည်ဖော်ပြီး ပြည်သူ့ဘဏ္ဍာငွေများ အလဟဿဖြစ်ရမည့်အစား ပြည်သူတွေ အတွက် လွန်စွာလိုအပ်ပြီး အကျိုးရှိစေမယ့်နေရာတွေမှာ ပြည်သူ့ဘဏ္ဍာကို ခွဲဝေသုံးစွဲပြီး အကောင် အထည်ဖော်ခြင်းဖြင့် ပြည်သူနှင့်အတူ နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ အုတ်တွင်း မြို့နယ်၊ စစ်တောင်းမြစ်ကမ်းပါးနံဘေး ထန်းတပင်မြစ်ကူးတံတားအနီးမှာရှိတဲ့ ကျွဲပွဲနယ်နိမိတ်အဆုံး မငြိမ်းစုကျေးရွာအထိ ကျေးရွာပေါင်း ရွာ ၃၀ ရှိတဲ့အနက် ၄ ရွာဟာ ဓာတ်အားစနစ်ကနေ မီးရရှိထားပြီးတဲ့ရွာ ဖြစ်ပါတယ်။ အောင်းကြီးကျေးရွာ၊ လေးအိမ်စုကျေးရွာနှစ်ရွာဟာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရဲ့ ပထမအဆင့်မှာပါဝင်ပြီးတော့ ဇီးဖြူခင်(အထက်)၊ ဇီးဖြူခင်(အလယ်)၊ ဇီးဖြူခင်(အောက်)၊ ဒိုးပင်သောင်၊ သံဒိုင်ခင်၊ မအူပင်၊ ကျောင်းစု၊ ပဲကြီးခုံ၊ တင်းကုပ်တန်း၊ ဇီးဖြူသောင်(ထက်)၊ ဇီးဖြူသောင်၊ သရက်အုပ်၊ စပါးကျီ၊ ဗျက်ကလေး၊ မြို့စိုး၊ ရေကျော်၊ ရေအိုးစဉ်၊ သရက်တောနှင့် မငြိမ်းစုကျေးရွာ ၁၉ ရွာဟာ NEP စီမံကိန်းရဲ့ ဒုတိယအဆင့်မှာ လျာထားဆောင်ရွက်ထားတာဖြစ်ပါတယ်။ အောင်သာကျေးရွာ၊ ကံသာကျေးရွာ၊ သောင်တန်းကျေးရွာ၊ သောင်ပုကျေးရွာ၊ ကြက်လည်ဆစ်ကျေးရွာ၊ ချောင်းကျိုးကျေးရွာ အစရှိတဲ့ ကျေးရွာ ၆ ရွာ ဓာတ်အား ချိတ်ဆက်ရယူနိုင်တဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၅ မိုင်ကျော် ကွာဝေးနေတဲ့အတွက်ကြောင့် NEP စီမံကိန်းရဲ့ ပထမအဆင့်နဲ့ ဒုတိယအဆင့်စီမံကိန်းထဲမှာ လတ်တလော ပါဝင်သေးခြင်းမရှိသေးတာ

ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါ ကျေးရွာ ၆ ရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် NEP စီမံကိန်းရဲ့ ဒုတိယအဆင့်မှာပါဝင်တဲ့ ဇီးဖြူသောင်ကျေးရွာနှင့် သရက်တောကျေးရွာများမှ ဓာတ်အားချိတ်ဆက်ရယူနိုင်ရန်အတွက် ဒုတိယအဆင့်ကျေးရွာများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးတဲ့ကာလကျရင် ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ အချို့သောကျေးရွာများကတော့ လမ်းပန်းဆက်သွယ်မှု အခက်အခဲအရ ကွန်ကရစ်ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ သယ်ယူပို့ဆောင်နိုင်ရန် အဆင်ပြေမှု မရှိသေးတဲ့အတွက်ကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်သေးခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးသော နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချို ကျေးရွာ ၄ ရွာအား ၃၃ ကေဗွီဓာတ်အားလိုင်းသွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ဒီနေ့တင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးတဲ့ကျေးရွာများဖြစ်တဲ့ နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချို ကျေးရွာလေးရွာအား လျှပ်စစ်ဓာတ်အားလိုင်းမှ ၃၃ ကေဗွီအေဓာတ်အားလိုင်းဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ရန်အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း လင်းခေး-မိုင်းပန်လမ်းမကြီးတစ်လျှောက်မှာနဲ့ ကျေးရွာများနှင့်မြို့ပေါ်ကို ၂၀၁၄ ခုနှစ်ကစပြီး လင်းခေးမြို့ဓာတ်အားလိုင်းမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့်ဆွဲယူ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲလျက်ရှိပါတယ်။ ယခုအခါမှာလည်း မိုင်းပန်-တာဆန်း-မိုင်းတုံ ၃၃ ကေဗွီဓာတ်အားလိုင်းသွယ်တန်းနေပြီဖြစ်၍ မိုင်းပန်-တာဆန်း-မိုင်းတုံ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများပါ လျှပ်စစ်မီးသွယ်တန်းရရှိစေတော့မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရသစ်ကာလမှာ ကျေးလက်ဒေသများပါမကျန် လျှပ်စစ်မီးရရှိရေးအတွက် နှစ်အလိုက်စီမံချက်ချမှတ်ကာဆောင်ရွက်နေကြောင်း သိရှိရပြီး ကျွန်တော်တို့မြို့နယ်လိုလမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့မြို့နယ်များကို ဦးစားပေးဆောင်ရွက်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့မိုင်းပန်မြို့နယ်ဟာ အကျယ်အဝန်းဧရိယာ ၉၅၀ စတုရန်းမိုင်ကျယ်ဝန်းပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ အများအားဖြင့်ဒေသခံတိုင်းရင်းသားများ နေထိုင်ကြပြီး လူနေမှုအဆင့်အတန်းနိမ့်ကျလျက်ရှိပါတယ်။ ပြည်သူများရဲ့လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိမှသာ အခြားစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်လာနိုင်မှာဖြစ်ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တင်ပြပါမေးခွန်းမှာပါရှိတဲ့ နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချိုကျေးရွာများဟာ မိုင်းပန်မြို့မှ ၃၆ မိုင်ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသများပဲ ဖြစ်ပါတယ်။ အိမ်ထောင်စု ၁၉၀၀ ကျော်နှင့် လူဦးရေ ၁၀၀၀၀ ကျော်နေထိုင်တဲ့ကျေးရွာများဖြစ်ပြီး တိုင်းရင်းသား

အများစုနေထိုင်ကြပါတယ်။ ပေ ၄၀၀၀ ကျော်မြင့်မားတဲ့ တောင်ကုန်း၊ တောင်တန်းများကြားမှာ တည်ရှိတဲ့ကျေးရွာများဖြစ်ပြီး ဆန်စပါးသီးနှံများ စိုက်ပျိုးနိုင်သော်လည်း ထွက်ရှိသီးနှံများကို ရောင်းချနိုင်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သယ်ယူစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် စားဝတ်နေရေးခက်ခဲကာ ယခင်က ဘိန်းစိုက်ပျိုးခဲ့တဲ့ဒေသများဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားဘဝအစစအရာရာနိမ့်ကျနေရတဲ့ဒေသလည်းပဲ ဖြစ်ပါတယ်။ ယခုအခါ ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်မှ ကျောက်ချောလမ်းစတင်ဖောက်လုပ်ပေးနေပြီ ဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိခဲ့ပါက ဘိန်းအစားထိုးသီးနှံများအောင်မြင်အောင်စိုက်ပျိုးနိုင်ခဲ့ပြီး ကုန်ချောများလည်း ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ စက်မှုလက်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီဒေသဟာ ကျွန်တော်တို့မြို့နယ်မှာ လျှပ်စစ်မီးအမှန်တကယ် ဦးစားပေးလိုအပ်နေတဲ့ဒေသဖြစ်ပြီးတော့ ဒေသခံပြည်သူများကလည်းပဲ အင်မတန်မှ လိုလားတောင့်တလျက်ရှိကြပါတယ်။ ကျွန်တော်တို့ မိုင်းပန်မြို့မှာ 33 KV, 5 MVA ထရန်စဖော်မာရောက်ရှိခဲ့ပြီးတော့ ၎င်းမှ ၃၃ ကေဗွီအေဓာတ်အားလိုင်း နဲ့ နားမွန်ကျေးရွာအုပ်စု နောင်လွန်း၊ နောင်လေအထိလည်းကောင်း၊ ၎င်းမှ မိုက်ပုတ်ကျေးရွာ၊ ဆန်ကွယ်နောင်ချိုသို့ 11 KVA, 5 MVA ထရန်စဖော်မာဖြင့်လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးပါက ရရှိစေနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုရှိ လျှပ်စစ်မီးမရရှိသေးတဲ့ကျေးရွာများဖြစ်တဲ့ နောင်လွန်း၊ နောင်လေ၊ မိုက်ပုတ်၊ ဆန်ကွယ်နောင်ချိုကျေးရွာ လေးရွာအား လျှပ်စစ်ဓာတ်အားလိုင်းမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် မိုင်းပန်မှ နောင်လေသို့ 33 KV ဓာတ်အားလိုင်း ၃၃ မိုင်တည်ဆောက်ခြင်းနှင့် နောင်လေကျေးရွာမှာ 33/11 KV, 5 MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးတဲ့အခါမှာ ဓာတ်အားခွဲရုံမှတစ်ဆင့် နောင်လွန်းကျေးရွာသို့ 11 KV ဓာတ်အားလိုင်း ကိုးမိုင်၊ ၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ နောင်လေကျေးရွာသို့ 11 KV တစ်မိုင်၊ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ မိုက်ပုတ်ကျေးရွာသို့ 11 KV ဓာတ်အားလိုင်း ၁၂ မိုင်၊ ၂၀၀ ကေဗွီအေထရန်စဖော်မာနှစ်လုံး၊ ဆန်ကွယ်နောင်ချိုကျေးရွာသို့ 11 KV နှစ်မိုင်၊ ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တည်ဆောက်သွားပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ မိုင်းပန်မှ နောင်လေသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၃၃ မိုင်တည်ဆောက်ခြင်းနှင့် နောင်လေကျေးရွာအတွက် 33 KV, 5 MVA

ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက်ကို ဝန်ကြီးဌာနက ဆောင်ရွက်မယ့် ငါးနှစ်စီမံကိန်းမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်လေဓာတ်အားခွဲရုံတည်ဆောက်ပြီးလို့ရှိရင် ကျေးရွာလေးရွာသို့ ဆက်လက်ဓာတ်အားဖြန့်ဖြူးဖို့လိုအပ်တဲ့ 11 KV ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ထရန်စဖော်မာတပ်ဆင်ဖိုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေနှင့်ဆောင်ရွက်ပေးနိုင်ဖို့ကို ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကနေ မိမိတို့ရဲ့မဲဆန္ဒနယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလျှပ်စစ်ဓာတ်အားလိုအပ်ချက် ရရှိဖို့တင်ပြတဲ့ကိစ္စရပ်များကို မိမိတို့ ဝန်ကြီးဌာနအနေနဲ့ တကယ်ကို လှိုက်လှိုက်လှဲလှဲကြိုးစားဆောင်ရွက်ပေးလိုတာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းများဟာလည်း တစ်နိုင်ငံလုံးအနှံ့အထူးများပြားတဲ့အတွက်ကြောင့် မိမိတို့အနေနဲ့ နှစ်စဉ်၊ နှစ်စဉ်ဘဏ္ဍာငွေတင်ပြတောင်းခံတဲ့အချိန်မှာ ဘဏ္ဍာငွေတင်ပြရတဲ့ပမာဏများပြားလာတာ ဖြစ်ပါတယ်။ ဒီအတွက်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက တင်ပြတဲ့လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက မြန်မြန်ဆန်ဆန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနကတင်ပြတဲ့ ဘတ်ဂျက်များကိုလည်း ခွင့်ပြုပေးနိုင်ဖို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောပေါက်တယ်နော်။

**ကျောက်တော်မြို့နယ်ရှိ ပိန္နဲချောင်း-ကြောင်စွယ်ဖြူကမ်းခြေအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းထဲမှာပါတဲ့ ပိန္နဲချောင်း-ကြောင်စွယ်ဖြူကမ်းခြေဒေသနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့လွှတ်တော်ထဲမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော် ဆွေးနွေးထားတာ ရှိပါတယ်။ လွှတ်တော်ကိုပေးပို့တဲ့ မေးခွန်းထဲမှာလည်း ကျွန်တော် ကျယ်ကျယ်ပြန့်ပြန့်ရေးထားတာဖြစ်တဲ့အတွက် အထွေအထူးအချိန်ယူပြီးတော့ မဆွေးနွေးတော့ပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့အဖြေကိုပဲ စိတ်ဝင်တစားနားထောင်ပါမယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ ကျောက်တော်မြို့နယ်ရှိ ပိန္နဲချောင်း-ကြောင်စွယ်ဖြူကမ်းခြေဒေသကို လျှပ်စစ်မီးသွယ်တန်းမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ၆၆ ကေဗွီ

ကျောက်တော်ဓာတ်အားခွဲရုံကနေပြီးတော့ ပိန္နဲချောင်းကျေးရွာပတ်ဝန်းကျင်မှာရှိတဲ့ မီးလင်းရန် ကျန်ရှိနေတဲ့ ကျေးရွာ ၁၀ ရွာအနက်ကနေပြီးတော့ ဝက်မှိုင်းကျေးရွာ၊ ကျောက်တန်းကျေးရွာ၊ သဝင်ကိုင်းကျေးရွာများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ စစ်အောင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ သာဒါဆိပ်ကျေးရွာတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ဗျာလာကျေးရွာ၊ ဆင်အိုးချိုင်(ရွာသစ်)ကျေးရွာ၊ ပလောင်ကျေးရွာတို့ကိုတော့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း ဘဏ္ဍာငွေတွေထည့်သွင်းလျာထားပြီး ဆောင်ရွက်ပေးဖို့ စီစဉ်လျက်ရှိပါတယ်။

ကြောင်စွယ်ဖြူကမ်းခြေတစ်လျှောက်နဲ့ ဂုပ္ပိထောင့်ကျေးရွာပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာပေါင်း ၃၀ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ကို ကျောက်တော်ကနေပြီးတော့ ဂုပ္ပိထောင့်အထိကို ၆၆ ကေဗွီ ဓာတ်အားလိုင်း ကိုးမိုင်တည်ဆောက်ခြင်းနဲ့ ဂုပ္ပိထောင့်ကျေးရွာမှာ ၆၆ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာနက ငါးနှစ်စီမံကိန်းအတွင်းမှာပါဝင်တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေထဲမှာ ထည့်သွင်းလျာထားပါကြောင်းနှင့် ဂုပ္ပိထောင့်ခွဲရုံ တည်ဆောက်ပြီးလို့ရှိရင် ကြောင်စွယ်ဖြူကမ်းခြေတစ်လျှောက်နဲ့ အဲဒီ ဂုပ္ပိထောင့်ကျေးရွာအနီးမှာရှိတဲ့ ကျေးရွာပေါင်း ၃၀ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ 11 KV ဓာတ်အားလိုင်းများနဲ့ ထရန်စဖော်မာများ တပ်ဆင်ရေးအတွက်ကို ရခိုင်ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ရန် မိမိတို့ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြန်ကြားရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၈/၁၉၉၆)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အခြားသက်ဆိုင်တဲ့ဌာနအဖွဲ့အစည်းများဖြင့် ပါဝင်ပူးပေါင်းပြီး အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ရဲ့ရည်ရွယ်ချက်များကတော့ (က) ရုပ်ရှင်ဥပဒေ အဖြစ် အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ တည်ဆဲဥပဒေဖြစ်သော ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ (၈/၁၉၉၆)သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတကာရုပ်ရှင်ဥပဒေ များနှင့် ဆီလျော်မှုမရှိခြင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်၊ ဗွီဒီယိုဟူ၍ ခွဲခြားမှုမရှိခြင်း၊ (ခ) မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာသည့်အခြေအနေများအရ ရုပ်ရှင်ဥပဒေအသစ်အား ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ဗွီဒီယိုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်ခြင်း၊ (ဂ) ရုပ်မြင် သံကြားနှင့် ဗွီဒီယိုဥပဒေ(၈/၁၉၉၆)ပါ ပြဋ္ဌာန်းချက်များမှ ပြစ်ဒဏ်များကို ခေတ်နှင့်အညီ တိုးမြှင့်ရန် လိုအပ်ခြင်းတို့ ဖြစ်ပါတယ်ခင်ဗျား။ သို့ပါ၍ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင် သည့်ဥပဒေ(မူကြမ်း)အား ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိချက်အစီရင်ခံစာ ကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၄၂

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဇန် န ၀ါ ရီ လ ၂၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၈)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာ တွေ့ရှိရပါသည် -

(က) ရုပ်ရှင်ဥပဒေအဖြစ် အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ တည်ဆဲဥပဒေဖြစ်သည့် ၂၀-၈-၁၉၉၆ ရက်နေ့တွင် ဥပဒေအမှတ် ၈ ဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတကာ ရုပ်ရှင်ဥပဒေများနှင့် ဆီလျော်မှုမရှိခြင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်/ဗီဒီယိုဟူ၍ ခွဲခြားထားမှု မရှိခြင်း၊

( ခ ) မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်လာသည့် အခြေအနေများအရ ရုပ်ရှင်ဥပဒေအား အသစ်ရေးဆွဲအတည်ပြု

ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ဗီဒီယိုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဥပဒေနှင့် အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန်လိုအပ်ခြင်း၊

(ဂ) ၂၀-၈-၁၉၉၆ ရက်နေ့တွင် ဥပဒေအမှတ် ၈ ဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များမှ ပြစ်ဒဏ်များကို တိုးမြှင့်ရန် လိုအပ်လာခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၁-၂၀၁၈ ရက်(ကြာသပတေးနေ့)တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၄၂

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဇန် န ဝါ ရီ လ ၂၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာ တွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၈)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာ တွေ့ရှိရပါသည် -

(က) ရုပ်ရှင်ဥပဒေအဖြစ် အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ တည်ဆဲဥပဒေဖြစ်သည့် ၂၀-၈-၁၉၉၆ ရက်နေ့တွင် ဥပဒေအမှတ် ၈ ဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတကာ ရုပ်ရှင် ဥပဒေများနှင့် ဆီလျော်မှုမရှိခြင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်/ဗီဒီယိုဟူ၍ ခွဲခြားထားမှု မရှိခြင်း၊

( ခ ) မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာသည့် အခြေအနေများအရ ရုပ်ရှင်ဥပဒေအား အသစ်ရေးဆွဲအတည်ပြု

ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ဗီဒီယိုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဥပဒေနှင့် အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန်လိုအပ်ခြင်း၊

( ဂ ) ၂၀-၈-၁၉၉၆ ရက်နေ့တွင် ဥပဒေအမှတ် ၈ ဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်မြင် သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များမှ ပြစ်ဒဏ်များကို တိုးမြှင့်ရန် လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၁-၂၀၁၈ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရ မည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း(၉) ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အပိုဒ် ၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတွင် ပုဒ်မ ၉ ပုဒ်မခွဲ(င) (စ) နှင့်(ဆ) တို့ကို ပယ်ဖျက်ရမည်။

(ဃ) အပိုဒ် ၂ ကို အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) တွင်ပါရှိသော ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိဆိုသည့် စကားရပ်ကို ဒဏ်ကြေးငွေ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း အထိဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( င) အပိုဒ် ၃ ကို အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။(က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ ခြေဆင်းတွင် ပါရှိသော ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊

ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့်စကားရပ်ကို အနည်းဆုံး ခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) နှင့်(ဂ) တို့တွင် ပါရှိသော ငှားရမ်းခြင်း ဆိုသည့် စကားရပ်၏ နောက်တွင် ရောင်းချခြင်း ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

( စ) အပိုဒ် ၄ ကို အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။(က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ခြေဆင်းတွင် ပါရှိသော ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့်စကားရပ်ကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(က)နှင့်(ခ) တို့တွင် ပါရှိသော ငှားရမ်းခြင်း ဆိုသည့်စကားရပ်၏ နောက်တွင် ရောင်းချခြင်း ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။”

၄။ သို့ဖြစ်ပါ၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အပိုဒ် ၃ မှာ ဖတ်ကြားသွားတဲ့အခါမှာရော၊ စာထဲမှာရော ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက် ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးမှာပါသွားပါတယ်။ ကျွန်တော်အမြဲ ပြောပါတယ်။ ဥပဒေကြမ်းတစ်ခုပိုမိုပြည့်စုံဖို့၊ ပိုမိုကောင်းမွန်ဖို့၊ ဥပဒေအင်္ဂါရပ်နှင့်ညီဖို့၊ တရားမျှတမှု ရှိဖို့ သက်ဆိုင်ရာကော်မတီတင်မဟုတ်ပါဘူး။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြင်ပကစိတ်ဝင်စားတဲ့ပုဂ္ဂိုလ်များ၊ ဒီဘာသာရပ်နှင့်ပတ်သက်လို့ နောက်တစ်ခုက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် စသည့်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ငါးပွင့်၊ ခြောက်ပွင့်ဆိုင်တွေ့ပြီးတော့ အကျေအလည်ဆွေးနွေးဖို့ ဥပဒေကြမ်းတိုင်းကို ကျွန်တော်အမြဲပြောပါ တယ်။ အဲဒါလေးကိုတော့ လေးစားလိုက်နာစေချင်တယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီနဲ့ နှစ်ဖွဲ့တည်းခေါင်းနှစ်လုံးနဲ့စဉ်းစားမယ့် အစား ဒီဥပဒေအင်္ဂါရပ် ပိုမိုကောင်းမွန်သည်ထက်ကောင်းမွန်အောင် ရှေ့နေချုပ်ရုံးမှာရှိတဲ့ လိုချင်တဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရရောက်အောင်ရှိ/မရှိဆိုတာ သက်ဆိုင်ရာပြန်ကြားရေးဝန်ကြီးဌာနတွေရှိ

မယ်။ ပြီးရင်ပြင်ပက ဒီဘာသာ ရပ်နှင့်ပတ်သက်လို့၊ ဒီလုပ်ငန်းနှင့်ပတ်သက်လို့ ဆွေးနွေးနိုင်တဲ့ပုဂ္ဂိုလ်တွေရှိမယ်။ နောက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ အကြံပြုနိုင်မယ့်ပုဂ္ဂိုလ်တွေရှိမယ်။ ဒါတွေပါ ခေါ်ပြီးတော့ ဒီဟာတင်မဟုတ်ပါဘူး။ ဘယ်ဥပဒေကြမ်းမဆို ဒါလေးတွေတော့လေးစားလိုက်နာစေချင်တယ်။ ဒါဟာ ကျွန်တော် နှစ်ကြိမ်၊ သုံးကြိမ်လောက်ရှိပါပြီပြောနေရတာ။ ခဏခဏပြောရတာလည်းမသင့်တော်ဘူး။ မပြောပြန်ရင်လည်း ဒီတိုင်းပဲ တစ်ဖွဲ့ကောင်းနှစ်ဖွဲ့ကောင်းနဲ့လုပ်လာရင် ကျွန်တော်တို့ဥပဒေမှာ အားနည်းချက်တွေ၊ ယိုယွင်းချက်တွေရှိရင်မကောင်းဘူး။ ဒါကြောင့်မို့လို့ ဒါလေးကိုတော့ ဂရုစိုက်စေချင်တယ်။ အလေးအနက်လည်းထားစေချင်တယ်။ ဒါဥပဒေကြမ်းကော်မတီကို ကျွန်တော့်အနေနဲ့ ထပ်မံပြီးတော့ အသိပေးခြင်းဖြစ်ပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၃၀-၁-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုနကလို ဖတ်သွားလို့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောမယ်။ ကျွန်တော်အလစ်အငိုက်ရှိမယ်လို့တော့မထင်ပါနဲ့။ ဒါလေးတွေတော့ ဂရုစိုက်ပေးပါ။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၆.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



**U Sai Thiha Kyaw**



**Dr.Hla Moe**

pyithu.hluttaw.mm



**Dr Tun Naing**



**U Win Win**

pyithu.hluttaw.mm



**Dr.Tun Naing**



**Daw Aye Aye Mu**

pyithu.hluttaw.mm



**Dr Tun Naing**



**U Naing Naing Win**

pyithu.hluttaw.mm



**Dr Tun Naing**



**Daw Cho Cho**

pyithu.hluttaw.mm



**Dr Tun Naing**



**U Sai Kyaw Moe**

pyithu.hluttaw.mm



Dr Tun Naing



U Oo Tun Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်